# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၁၉၃/၂၀၁၈
## ၁၃၈၀ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အခကြေးငွေပေးချေရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေကို ဆိုသည်။

(ခ) **နေ့စားအလုပ်သမား** ဆိုသည်မှာ တစ်ရက်သတ်မှတ်အလုပ်ချိန်အတွက် အလုပ်လုပ်ကိုင်ရပြီး ထိုနေ့အတွက်လုပ်ခကို အလုပ်ရှင်နှင့်သဘောတူညီထားသည့်နှုန်းဖြင့် ရရှိသည့် အလုပ်သမားကို ဆိုသည်။

(ဂ) **လစားအလုပ်သမား** ဆိုသည်မှာ ပြက္ခဒိန်လတစ်လအတွက် ပုံသေလစာ သတ်မှတ်လုပ်ကိုင်သည့် အလုပ်သမားကို ဆိုသည်။

(ဃ) **ပုတ်ပြတ်အလုပ်သမား** ဆိုသည်မှာ ထုတ်လုပ်မှုအရေအတွက် သို့မဟုတ် ဝန်ဆောင်မှုပမာဏပေါ်မူတည်၍ အလုပ်ရှင် အလုပ်သမား နှစ်ဦးသဘောတူ ကြိုတင်သတ်မှတ်ထားသည့် အခကြေးငွေနှုန်းဖြင့် လုပ်ကိုင်ရသည့် အလုပ်သမားကို ဆိုသည်။

(င) **သတ်မှတ်အလုပ်ချိန်** ဆိုသည်မှာ လုပ်ငန်းအလိုက်သက်ဆိုင်သည့် အလုပ်သမားဥပဒေက အလုပ်သမားအမျိုးအစားအလိုက် ခွင့်ပြုထားသည့် တစ်ရက်ခွင့်ပြုအလုပ်ချိန် သို့မဟုတ် ရက်သတ္တပတ် ခွင့်ပြုအလုပ်ချိန်တို့ကို ဆိုသည်။

(စ) **ရက်သတ္တပတ်** ဆိုသည်မှာ စနေနေ့ ညဥ့်သန်းခေါင်အချိန်မှ စတင်ရေတွက်သော တစ်ဆက်တည်း ခုနစ်ရက်ကာလအပိုင်းအခြားကို ဆိုသည်။

(ဆ) **အချိန်ပိုအခကြေးငွေ** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေ အရ တစ်ရက်သတ်မှတ် အလုပ်ချိန် သို့မဟုတ် ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ကိုင်ရသဖြင့် ရရှိသောအခကြေးငွေကို ဆိုသည်။

(ဇ) **မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့** ဆိုသည်မှာ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ အရ ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

(ဈ) **ညှိနှိုင်းရေးကော်မတီ** ဆိုသည်မှာ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ အရ ဖွဲ့စည်းထားသည့် ကော်မတီကို ဆိုသည်။

(ည) **အခြေခံအလုပ်သမားအဖွဲ့အစည်း** ဆိုသည်မှာ အလုပ်သမား အဖွဲ့အစည်းဥပဒေ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **အမိန့်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ က ချမှတ်သည့်အမိန့်ကို ဆိုသည်။

(ဌ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသောပုံစံကို ဆိုသည်။

## အခန်း(၂)

## အခကြေးငွေပေးချေရန်ကာလရွှေ့ဆိုင်းခြင်း

၃။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ် အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် အခကြေးငွေကို သတ်မှတ်ကာလအတွင်း ပေးချေရန် အခက်အခဲရှိပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့် ခိုင်လုံသည့် ကျိုးကြောင်းဖော်ပြလျက် အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့မစေ့ ရောက်မီ ခုနစ်ရက်အတွင်း အခကြေးငွေပေးချေမည့်နေ့ရက်ရွှေ့ဆိုင်းခြင်း လျှောက်ထားလွှာကို သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနရုံး မှတစ်ဆင့် ဦးစီးဌာနသို့ ပုံစံ (၁)ဖြင့် တင်ပြရမည်။

၄။ အလုပ်ရှင်သည် နည်းဥပဒေ ၃ အရ တင်ပြရာတွင် သက်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့် ဖြစ်စေ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့်ဖြစ်စေ ရယူထားသည့် အခကြေးငွေပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်းအပေါ် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက် သဘောတူညီချက်ကို ပုံစံ (၂)ဖြင့် ပူးတွဲတင်ပြရမည်။

၅။ ဦးစီးဌာန၏ သက်ဆိုင်ရာ စစ်ဆေးရေးအရာရှိသည် ပုံစံ (၁)နှင့် ပုံစံ(၂)ကို လက်ခံရရှိ သည့်နေ့မှစ၍ ရုံးပိတ်ရက်များမပါသုံးရက်အတွင်း စိစစ်၍ ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည်နည်းဥပဒေ ၅ အရ စစ်ဆေးရေးအရာရှိ၏ တင်ပြချက်ကို ထပ်မံစိစစ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆယ်ရက်ထက် မကျော်လွန်စေဘဲ သင့်လျော်သည့်နေ့ရက်သို့ အခကြေးငွေ ပေးချေသည့် နေ့ရက်ရွှေ့ဆိုင်းရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအမိန့်ကို ပုံစံ (၃) ဖြင့် ထုတ်ပြန်နိုင်သည်။

## အခန်း(၃)

## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မည့် အလုပ်သမား ပေးလျော်ရန်ဒဏ်ငွေကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ညှိနှိုင်းရေး ကော်မတီနှင့်ဖြစ်စေ၊ အခြေခံအလုပ်သမား အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ကာယကံရှင် အလုပ်သမား နှင့်ဖြစ်စေ ညှိနှိုင်းအတည်ပြုပြီး အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား မစေ့ရောက်မီ ခုနစ်ရက်အတွင်း ပုံစံ(၄)ဖြင့် သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး မှတစ်ဆင့် ဦးစီးဌာနသို့ တင်ပြ၍ ကြိုတင် ခွင့်ပြုချက်ရယူရမည်-

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်းအပ်နှံထားသောပစ္စည်းနှင့် ငွေကြေးများ ပျက်စီး ဆုံးရှုံးမှုအတွက် ပေးလျော်ရန်ဒဏ်ငွေ၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်အရ သတ်မှတ်ထားသည့်ဒဏ်ငွေများ။

၈။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇ အရ ပေးပို့သည့် ပုံစံ (၄) ကို လက်ခံရရှိသည့်နေ့မှ စ၍ ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း အမိန့်ကို ပုံစံ (၅)ဖြင့် သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေးအရာရှိ ထံ ပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေးအရာရှိ သည် နည်းဥပဒေခွဲ (က) အရ ပေးပို့သည့် ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း အမိန့်ကို ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း သက်ဆိုင်ရာအလုပ်ရှင်ထံ ပေးပို့ရ မည်။

၉။ အလုပ်ရှင်သည် အခကြေးငွေပေးချေခြင်းမှတ်တမ်းကို ပုံစံ (၆) ဖြင့်လည်းကောင်း၊ အခကြေးငွေမှ ဥပဒေနှင့်အညီ နုတ်ယူဖြတ်တောက်ခြင်းမှတ်တမ်းကို ပုံစံ (၇) ဖြင့်လည်းကောင်း၊ နုတ်ယူဖြတ်တောက်ထားသည့်ငွေများ အသုံးပြုမှုမှတ်တမ်းကို ပုံစံ (၈) ဖြင့်လည်းကောင်း ပြုစု၍

စစ်ဆေးရေးအရာရှိ က အချိန်မရွေးကြည့်ရှုစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံး တစ်ဆယ့်နှစ်လ ထိန်းသိမ်းထားရှိရမည်။

၁၀။ အလုပ်ရှင်သည်နည်းဥပဒေ ၇ အရ အလုပ်သမားထံမှ အခကြေးငွေဖြတ်တောက်ရာတွင် ငွေအပြေအကျေမပေးဆပ်ရသေးမီ ကာယကံရှင် အလုပ်သမား အလုပ်မှနုတ်ထွက်ခဲ့လျှင်ဖြစ်စေ၊ ရပ်စဲခံရလျှင်ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ ပေးဆပ်ရန်ကျန်ငွေကို အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြန်လည်တောင်းခံနိုင်သည်။

## အခန်း(၄)

## အခကြေးငွေမှခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခြင်း၊ အခကြေးငွေပေးချေရန် ပျက်ကွက်ခြင်းနှင့် အယူခံခြင်း

၁၁။ အလုပ်သမားသည် အောက်ပါအခြေအနေများပေါ်ပေါက်လျှင် မိမိကိုယ်တိုင်ဖြစ်စေ၊ တရားဝင် မှတ်ပုံတင်လက်မှတ်ရရှိထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ ညှိနှိုင်းရေးကော်မတီက ဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်သည်-

(က) ရရန်ရှိသောအခကြေးငွေထဲမှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း။

(ခ) အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်း။

၁၂။ နည်းဥပဒေ ၁၁ အရ သက်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့်ဖြစ်စေ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့်ဖြစ်စေ ညှိနှိုင်းဖြေရှင်းခြင်း မပြုဘဲ စစ်ဆေးရေးအရာရှိထံ တင်ပြခြင်း မပြုရ။

၁၃။ အလုပ်သမားသည် အလုပ်ရှင်မှ အခကြေးငွေနုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန်ပျက်ကွက်သည့်နေ့မှစ၍ ခြောက်လအတွင်းသက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေးအရာရှိထံ ဖြေရှင်းဆောင်ရွက်ပေးရန် ပုံစံ (၉) ဖြင့် တင်ပြနိုင်သည်။

၁၄။ နည်းဥပဒေ ၁၃ အရ တင်ပြချက်အပေါ် သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးမှ စစ်ဆေးရေးအရာရှိက စိစစ်ပြီး ပုံစံ (၁၀)ဖြင့် သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့်ကို အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်က ကျေနပ်မှုမရှိပါက အမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပုံစံ (၁၁) ဖြင့် စစ်ဆေးရေးအရာရှိချုပ်ထံ အယူခံလျှောက်ထားနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် အယူခံမှုကို ကြားနာစစ်ဆေးရန် အယူခံမှုစိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၇။ အယူခံမှုစိစစ်ရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်နှင့် သင့်လျော်သော အကြံပြုချက်ကို စစ်ဆေးရေးအရာရှိချုပ်ထံ ရုံးပိတ်ရက်များမပါ ၅ ရက်အတွင်း တင်ပြရမည်။

၁၈။ နည်းဥပဒေ ၁၇ အရ တင်ပြချက်အပေါ် စစ်ဆေးရေးအရာရှိချုပ်က ပြန်လည် သုံးသပ်၍ ပုံစံ (၁၂) ဖြင့် ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၁၉။ နည်းဥပဒေ ၁၁ အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အခါ အလုပ်သမားသည် နည်းဥပဒေ ၁၃ အရ စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့် နစ်နာကြေးငွေများကို နစ်နာခဲ့သော ကာလများအတွက် ပေးချေရန် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားမကြောင်းအရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

## အခန်း(၅)
## အချိန်ပိုအခကြေးငွေ

၂၀။ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေ က သတ်မှတ်ထားသည့် တစ်ရက်သတ်မှတ်အလုပ်ချိန်ထက်ပို၍ သော်လည်းကောင်း၊ ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ထက် ပို၍ သော်လည်းကောင်း လုပ်ကိုင်ရလျှင် အောက်ပါတွက်ချက်မှုပုံသေနည်းဖြင့် အလုပ်သမားအား အချိန်ပိုလုပ်ခတွက်ချက် ခံစားခွင့်ပေးရမည်-

(က) လစာအလုပ်သမားများအတွက်

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{အခြေခံလစာ} \times \text{၁၂လ}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ} \times \text{၅၂ ပတ်}} \times \text{၂ဆ}$$

(ခ) နေ့စားအလုပ်သမားများအတွက်

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{နေ့စားအခကြေးငွေ} \times \text{၆ရက်}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ}} \times \text{၂ဆ}$$

(ဂ) ပုတ်ပြတ်အလုပ်သမားများအတွက်

$$\text{အချိန်ပို(၁)နာရီလုပ်ခ} = \frac{\text{ပျမ်းမျှနေ့တွက်ကြေး} \times \text{၆ရက်}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ}} \times \text{၂ဆ}$$

ခြွင်းချက်။ (၁) အနည်းဆုံးအခကြေးငွေ အမိန့်အရ ခံစားခွင့်ပြုထားသည့် အလုပ်သမားများသည် ထိုအမိန့်ပါ တစ်နာရီလုပ်ခနှုန်း၏ (၂)ဆ ခံစားခွင့်ပြုရမည်။

(၂) လျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊ ရေခဲစက်၊ ရေနံချက်စက်၊ သစ်ပေါင်းတင်လုပ်ငန်း၊ ရေနှင့်ဆီမှုတ်စက်၊ လေအား (သို့) ဓါတ်ငွေ့အားပြုလုပ်သောစက်၊ ဓါတုဗေဒလုပ်ငန်း၊ အသီးအနှံမှ ထုတ်ယူသောဆီစက်နှင့် သကြားစက်တို့တွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အချိန်ပို (၁)နာရီလုပ်ခတွက်ချက်ရာ၌ ဖော်ပြပါပုံသေနည်းတွင် ရက်သတ္တပတ်အလုပ်ချိန် (၄၈)နာရီဖြင့် တွက်ချက်ရမည်။ ထို့ပြင် သက်ဆိုင်ရာတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ရက်သတ္တပတ် အလုပ်ချိန် သတ်မှတ်ချက်ရှိလျှင် ထိုအလုပ်ချိန်နာရီဖြင့် တွက်ချက်ရမည်။

## အခန်း(၆)

## အထွေထွေ

၂၁။ The Payment of Wages Rules, 1937 ကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

ဦးသိန်းဆွေ

ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပုံစံ (၁)

**အခကြေးငွေပေးချေမည့်နေ့ရက် ရွှေ့ဆိုင်းခြင်းလျှောက်ထားလွှာ**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၃)**

**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**---------------------- မြို့နယ်/ခရိုင်/ စက်မှုဇုန် ရုံး** မှတစ်ဆင့်

ရက်စွဲ၊ ---------------------

သို့
**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အကြောင်းအရာ။ **အခကြေးငွေပေးချေမည့်နေ့ရက်အား ရွှေ့ဆိုင်းပေးပါရန် လျှောက်ထားခြင်း**

---------------------- တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ --------------------စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ ----------------------လမ်း၊ အမှတ် ( )ရှိ ---------------- ပိုင် ------------------------------ စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား ( )ဦး၊ မ( )ဦး၊ပေါင်း ( ) ဦး တို့အတွက် -------------------- ခုနှစ်၊ ---------------------- လ၏ လုပ်ခလစာ (---------------------------- ကျပ်/ဒေါ်လာ)ကို အောက်ဖော်ပြပါ အကြောင်းများကြောင့် အခကြေးငွေပေးချေရန် လစဥ်သတ်မှတ်ထားသည့် ကာလဖြစ်သော ---------------------- ရက်နေ့တွင် ပေးချေရန် အခက်အခဲရှိသဖြင့် ----------------------- ရက်နေ့သို့ ပြောင်းလဲပေးချေခွင့် ပြုပါရန် လျှောက်ထားအပ်ပါသည်-

အခကြေးငွေပေးချေရန်အခက်အခဲဖြစ်ပေါ်သည့် အကြောင်းပြချက်များ

(က) ----------------------------------------------------------------------

(ခ) ----------------------------------------------------------------------

(ဂ) ----------------------------------------------------------------------

လျှောက်ထားသူ
အလုပ်ရှင်

အလုပ်ဌာနတံဆိပ်

လက်မှတ် ------------------------------------
ဦး /ဒေါ် /Mr. / Ms. ------------------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/ ------------------------------------
နိုင်ငံကူးလက်မှတ်အမှတ်

ပုံစံ (၂)

# အခကြေးငွေပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်းအပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်သဘောတူညီချက်

# (အခကြေးငွေပေးချေရေး နည်းဥပဒေ ၄)

၁။ ---------------------- တိုင်းဒေသကြီး၊ ------------------- ခရိုင်၊ ------------------- မြို့နယ်၊ -------------------စက်မှုဇုန်၊------------------- ရပ်ကွက်၊ ------------------- လမ်း၊ အမှတ် ( )ရှိ --------------- ပိုင် --------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား ( )ဦး၊ မ( )ဦး၊ ပေါင်း( ) ဦးတို့အတွက် ------------------- ခုနှစ်၊ --------------- လ၏ လုပ်ခလစာ (---------------------ကျပ်/ဒေါ်လာ)ကို ----------------------------- ----------အကြောင်းများကြောင့် လစဉ်သတ်မှတ်ထားသည့် ကာလဖြစ်သော ------------------- ရက်နေ့တွင် ပေးချေရန် အခက်အခဲရှိသဖြင့် ------------------- ရက်နေ့သို့ ပြောင်းလဲပေးချေမည်ကို အလုပ်ရှင်နှင့် ကာယကံရှင် အလုပ်သမား/ အလုပ်သမားအဖွဲ့အစည်း/ ညှိနှိုင်းရေးကော်မတီ နှစ်ဖက်မှ အကျေအလည်ညှိနှိုင်းချက်ဖြင့် အခကြေးငွေပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်းကို သဘောတူညီပါသည်။

၂။ စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က နှစ်ဖက်သဘောတူ ရွှေ့ဆိုင်းသတ်မှတ်သည့် အခကြေးငွေပေးချေရမည့် နေ့ရက်တွင် အလုပ်ရှင်ဖြစ်စေ၊ အလုပ်သမားဖြစ်စေ ပေးချေလက်ခံရယူရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဥပဒေနှင့် အညီ တာဝန်ရှိမည်ကို နှစ်ဖက်ကောင်းစွာနားလည်သိရှိကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

| အလုပ်ရှင်/မန်နေဂျာ | | အလုပ်သမား/ အလုပ်သမားအဖွဲ့အစည်း/ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ | | |
|---|---|---|---|---|
| | | အမည် | ရာထူးတာဝန် | လက်မှတ် |
| လက်မှတ် | --------------- | ၁။ အခြေခံအလုပ်သမားအဖွဲ့အစည်း | ဥက္ကဋ္ဌ | ----------- |
| အမည် | --------------- | ၂။ အခြေခံအလုပ်သမားအဖွဲ့အစည်း | အတွင်းရေးမှူး | ----------- |
| ရာထူး | --------------- | ၃။ အခြေခံအလုပ်သမားအဖွဲ့အစည်း | ဘဏ္ဍာရေးမှူး | ----------- |
| စက်ရုံ/အလုပ်ရုံ/ ကုမ္ပဏီ/ဆိုင်/ အလုပ်ဌာန | --------------- | ၄။ အခြေခံအလုပ်သမားအဖွဲ့အစည်း | အမှုဆောင်များ | ----------- |
| လိပ်စာ | --------------- | | | |

(သို့မဟုတ်)

| | | |
|---|---|---|
| ၁။ ညှိနှိုင်းရေး ကော်မတီ | အဖွဲ့ဝင်များ | ----------- |
| ၂။----------------------------------- | ---------- | ----------- |

(သို့မဟုတ်)

| | |
|---|---|
| ၁။ သက်ဆိုင်ရာအလုပ်သမား | ------------------------------ |
| ၂။ ---------------------------------- | ------------------------------ |

ပုံစံ (၃)

## အခကြေးငွေပေးချေသည့်နေ့ရက် ရွှေ့ဆိုင်းရန် ခွင့်ပြုခြင်း/ ငြင်းပယ်ခြင်းအမိန့်
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၆)

ရုံးတံဆိပ်

ရက်စွဲ၊ ---------------------

--------------------- တိုင်းဒေသကြီး၊ ------------------- ခရိုင်၊ ------------------- မြို့နယ်၊ ------------------- စက်မှုဇုန်၊------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် ( )ရှိ ------------------- ပိုင် ------------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ/ ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား ( )ဦး၊ မ( )ဦး၊ပေါင်း( ) ဦးတို့အတွက် --------------------- ခုနှစ်၊ ------------------- လ၏ လုပ်ခလစာ (------------------- ကျပ်/ဒေါ်လာ)ကို အခကြေးငွေပေးချေရန် လစဥ် သတ်မှတ်ထားသည့် ကာလဖြစ်သော --------------- ရက်နေ့တွင် ပေးချေရန် အခက်အခဲရှိကြောင်း တင်ပြလာသဖြင့် စိစစ်ရာ အကြောင်းပြချက်များ ဆီလျော်ခိုင်လုံမှု ရှိ/မရှိ သဖြင့် ------------------- ရက်နေ့သို့ ပြောင်းလဲပေးချေရန် ဝန်ကြီးဌာန၏ -------------------- ရက်စွဲပါ သဘောတူညီချက်ဖြင့် ခွင့်ပြု/ ငြင်းပယ်လိုက်သည်။

စစ်ဆေးရေးအရာရှိချုပ်

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

ပုံစံ(၄)

# အလုပ်သမား၏ အခကြေးငွေမှ ပေးလျော်ရန်ဒဏ်ငွေများ နုတ်ယူဖြတ်တောက် ခွင့်ပြုရန် လျှောက်ထားလွှာ

## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၇)

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

―――――――――― မြို့နယ်/ခရိုင်/ စက်မှုဇုန် ရုံး မှတစ်ဆင့်

ရက်စွဲ၊ ------------------

သို့

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အကြောင်းအရာ။ အလုပ်သမား၏ အခကြေးငွေမှ ပေးလျော်ရန်ဒဏ်ငွေများ နုတ်ယူဖြတ်တောက် ခွင့်ပြုရန် လျှောက်ထားခြင်း

-------------------- တိုင်းဒေသကြီး၊ ------------------ ခရိုင်၊ ------------------ မြို့နယ်၊ ------------------စက်မှုဇုန်၊------------------ ရပ်ကွက်၊ ------------------လမ်း၊အမှတ် (          )ရှိ --------------- ပိုင် -------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အောက်ဖော်ပြပါ ဇယားပါ အလုပ်သမားများ၏ အခကြေးငွေမှ ၎င်းတို့ ပေးလျော်ရန်ရှိသည့် ဒဏ်ကြေးငွေများကို ဇယားပါအတိုင်း နုတ်ယူဖြတ်တောက်ခွင့်ပြုပါရန် ကြိုတင်လျှောက်ထားအပ်ပါသည်-

| စဉ် | အလုပ်သမားအမည် | ပေးလျော်ရန် ဒဏ်ငွေအဖြစ် ဖြတ်တောက်မည့် အကြောင်းအရာ | ဖြတ်တောက်ရန် ငွေပမာဏ (ကျပ်/ဒေါ်လာ) | ဖြတ်တောက်မည့်အစီအစဉ် | | | နုတ်ယူဖြတ်တောက်မည့်အစီအစဉ်အား ညှိနှိုင်းရေးကော်မတီ၏ ဖြေရှင်းဆောင်ရွက်မှု(သို့မဟုတ်) ညှိနှိုင်းမှုသဘောတူညီချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | အရစ်ကျ ပေးသွင်းစေမည့် ပမာဏ | ရက်စွဲ | ပြီးဆုံးမည့်နေ့ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

လက်မှတ် ----------------------------------------

ပိုင်ရှင်/မန်နေဂျာအမည် ----------------------------------------

စက်ရုံ၊အလုပ်ရုံ၊ဆိုင်၊အလုပ်ဌာန နှင့်လုပ်ငန်းအမည် ----------------------------------------

တည်ရာလိပ်စာ ----------------------------------------

အလုပ်ဌာန
တံဆိပ်

ပုံစံ(၅)

ရုံးတံဆိပ်

**ဦးစီးဌာန၏ ခွင့်ပြုခြင်း/ ပယ်ဖျက်ခြင်း အမိန့်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၈)**

ရက်စွဲ၊ ---------------------

----------------------- တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ --------------------စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် ( )ရှိ ----------------- ပိုင် ------------------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား ( )ဦး၊ မ( )ဦး၊ပေါင်း( ) ဦးတို့အား ------------------------ ခုနှစ်၊ --------------------လ၏လုပ်ခလစာမှ ( ------------------ ကျပ်/ဒေါ်လာ ) ကို ဖြတ်တောက်ခဲ့ခြင်းအပေါ် ---------------- မြို့နယ်/ခရိုင်/စက်မှုဇုန်စစ်ဆေးရေးအရာရှိက ဥပဒေနှင့်အညီ စိစစ်၍ အလုပ်ရှင်က အလုပ်သမားထံမှ ဖြတ်တောက်ခဲ့သည့် ငွေ(---------------------------- ကျပ်/ဒေါ်လာ)ကို အတည်ပြု လိုက်သည်။

သို့မဟုတ်

အလုပ်သမားထံမှ ဖြတ်တောက်ထားသည့် အခကြေးငွေအားလုံး သို့မဟုတ် (------------------ ကျပ်/ ဒေါ်လာ)ကို အလုပ်ရှင်မှအလုပ်သမားအား--------------------- ရက်နေ့ နောက်ဆုံးထားပေးချေရန် အမိန့်ချမှတ်လိုက်သည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အလုပ်ရှင်

-------------------------------

-------------------------------

-------------------------------

အလုပ်သမား

-------------------------------

-------------------------------

-------------------------------

ပုံစံ(၆)

## ———————— စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန ၊ —— လ၊ အခကြေးငွေပေးချေခြင်းမှတ်တမ်း
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)

| စဉ် | အမည် | အလုပ်ဝင်သည့်ရက် | ဝန်ထမ်းကဒ်အမှတ် | ရာထူး | အလုပ်လုပ်သည့်အများအလုပ်ပိတ်ရက် | အလုပ်လုပ်သည့်တနင်္ဂနွေနေ့ | လစာ | | | အချိန်ပို ငွေကြေး | | | အခြား | | | | | စုစုပေါင်းလုပ်အားခ | စုစုပေါင်းဖြတ်တောက်ငွေ | အသားတင်ထုတ်ပေးငွေ | ငွေလက်ခံရရှိကြောင်းလတ်မှတ်(၅)ကျပ်တန်တံဆိပ်ခေါင်းကပ်၍)လက်မှတ်ထိုးရန် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | နေ့စား/လစား/ပုတ်ပြတ် | အလုပ်ဆင်းသည့်ရက် | အခြေခံလစာ | နာရီ | (၁)နာရီနှုန်း | ငွေပမာဏ | ရက်မှန်ကြေး | ကျွမ်းကျင်ကြေး | ထုတ်လုပ်မှုဆုကြေး | လုပ်သက်ဆုကြေး | ထောက်ပံ့ကြေး | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၀ | ၂၂ |
| | | | | | | | | | | | | | | | | | | | | | |

လက်မှတ်————————————————

ပိုင်ရှင်/မန်နေဂျာအမည်————————————

စက်ရုံ၊အလုပ်ရုံ၊ဆိုင်၊အလုပ်ဌာနအမည်—————

ဆက်သွယ်ရန် ဖုန်း———————————

ရက်စွဲ၊ ————————————

ပုံစံ(၇)

## ————လ၊ အခကြေးငွေမှ ဥပဒေနှင့်အညီနုတ်ယူဖြတ်တောက်ခြင်းမှတ်တမ်း
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)

| စဉ် | အလုပ်သမားအမည် | နုတ်ယူဖြတ်တောက်မည့်အကြောင်းအရာ | | | | | | | | | | | | | | | စုစုပေါင်းဖြတ်တောက်ငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အလုပ်ပျက် ရက် | နေထိုင်စရိတ် | စားသောက် စရိတ် | ပို့ဆောင် စရိတ် | ရေဖိုး | လျှပ်စစ်ဓါတ်အားခ | မှားယွင်းပို ပေးငွေ | ကြိုတင်ထုတ်ငွေ | စိုက်ထုတ်ငွေ | စုဆောင်းငွေ | ဝင်ငွေခွန် | တရားရုံးဆုံးဖြတ်ချက် ချမှတ်ငွေ | ခုံသမာဓိဆုံးဖြတ်ချက် ချမှတ်ငွေ | လူမှုဖူလုံရေးထည့်ဝင်ကြေး | ဥပဒေအရ ထည့်ဝင်ကြေး | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | | | | | |

လက်မှတ်————————————
ပိုင်ရှင်/မန်နေဂျာအမည်————————
စက်ရုံ၊အလုပ်ရုံ၊ဆိုင်၊အလုပ်ဌာနအမည်————
လိပ်စာ ————————————

ရက်စွဲ၊ ————————

ပုံစံ (၈)

**———————— စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန၊ လုပ်ငန်း၏**
**——လ၊ အခကြေးငွေမှ ဥပဒေနှင့်အညီ နုတ်ယူဖြတ်တောက်ထားသည့် ငွေများအသုံးပြုမှု မှတ်တမ်း**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)**

| စဉ် | ရက်စွဲ | ရှိငွေ | သုံးငွေ | သုံးစွဲသည့် အကြောင်းအရာ | | | ကျန်ငွေ | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| | | | | ပညာရေး | ကျန်းမာရေး | သက်သာချောင်ချိရေး | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | စုစုပေါင်း | | | | | | | |

လက်မှတ် ——————————
ပိုင်ရှင်/မန်နေဂျာအမည် ——————————

ရက်စွဲ၊ ——————————

မှတ်ချက်။ သုံးငွေကို အခြေခံအလုပ်သမားအဖွဲ့အစည်း သို့မဟုတ် ညှိနှိုင်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် သုံးစွဲပါသည်။

ပုံစံ(၉)

## လျှောက်ထားလွှာ
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၃)

သို့

**စစ်ဆေးရေးအရာရှိ**
**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**——————————— မြို့နယ်/ခရိုင်/ စက်မှုဇုန် ရုံး**

ရက်စွဲ၊ -----------------------

အကြောင်းအရာ။ **အခကြေးငွေမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲဖြတ်တောက်ခဲ့ခြင်း/ ပေးချေရမည့် ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်း နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း**

၁။ အခကြေးငွေမှ ဖြတ်တောက်ခြင်း/ သတ်မှတ်ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်းအတွက် အကြောင်းပြချက်များ-

(က) ------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

၂။ သို့ဖြစ်၍ ----------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား (  )ဦး၊ မ(  )ဦး၊ပေါင်း(  )ဦးတို့အား ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ (-------------------- ကျပ်/ဒေါ်လာ)ကို ဖြတ်တောက်ခဲ့ခြင်း/ အခကြေးငွေများကို ပေးချေရမည့် ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်း လျှောက်ထားအပ်ပါသည်။

လက်မှတ် ---------------------------
လျှောက်ထားသူအမည်-------------------------
မှတ်ပုံတင်အမှတ် ---------------------------
အလုပ်အကိုင်/ ရာထူး--------------------------
လုပ်ငန်းလိပ်စာ/ ---------------------------
ဆက်သွယ်ရန် လိပ်စာ
ဖုန်းနံပါတ် ---------------------------

မိတ္တူကို

၁။ စစ်ဆေးရေးအရာရှိချုပ်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

၂။ --------------------------- လျှောက်ထားခြင်းခံရသူ

၃။ လက်ခံ

ပုံစံ (၁၀)

ရုံးတံဆိပ်

**စစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၄)**

ရက်စွဲ၊ ---------------------

၁။ ------------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ -------------------- စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် (     )ရှိ -------------------- ပိုင် ---------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား (     )ဦး၊ မ(     )ဦး၊ပေါင်း(     )ဦးတို့အား ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ (-------------------- ကျပ်/ဒေါ်လာ)ကို ဖြတ်တောက်ခဲ့ခြင်း/ အခကြေးငွေများကို ပေးချေရမည့် ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် -------------ရက်နေ့တွင် တင်သွင်း လျှောက်ထားခဲ့ပါသည်။

၂။ တင်သွင်းသည့် လျှောက်ထားလွှာအပေါ် စိစစ်၍ စစ်ဆေးရေးအရာရှိက အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

(ဤအမိန့်အပေါ် အလုပ်ရှင်ဖြစ်စေ၊ အလုပ်သမားဖြစ်စေ ကျေနပ်မှုမရှိပါက အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း စစ်ဆေးရေးအရာရှိချုပ်ထံ အယူခံ လျှောက်ထားနိုင်သည်။)

စစ်ဆေးရေးအရာရှိ
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
------------------------- မြို့နယ်/ခရိုင်/ စက်မှုဇုန် ရုံး

အလုပ်ရှင်

------------------------------

------------------------------

------------------------------

အလုပ်သမား

------------------------------

------------------------------

------------------------------

ပုံစံ(၁၀)

**အယူခံလျှောက်ထားလွှာ**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၅)**

ရက်စွဲ၊ ------------------------

သို့

**စစ်ဆေးရေးအရာရှိချုပ်**
**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အကြောင်းအရာ။ **စစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့်အပေါ် အယူခံလျှောက်ထားခြင်း**

လေးစားစွာဖြင့်လျှောက်ထားအပ်ပါသည်-

(က) ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အခကြေးငွေမှ ဖြတ်တောက်ခဲ့ခြင်း/ အခကြေးငွေများကို ပေးချေရမည့် ကာလထက် ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်းသည့်အကြောင်းအရင်းဖြစ်စဉ်

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ခ ) အလုပ်သမားဦးရေ၊ အမည်စာရင်းနှင့် ပမာဏ

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဂ ) သက်ဆိုင်ရာစစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့်/ညွှန်ကြားချက်များ

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဃ) ဥပဒေနှင့် ညီညွတ်မှု ရှိကြောင်း/ မရှိကြောင်း ဖော်ပြချက် ------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(င ) စစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့် / ညွှန်ကြားချက်ကို အတည်ပြုပေးရန် / ပယ်ဖျက်ပေးရန် / ပြင်ဆင်ပေးရန် / ပလပ်ပေးရန် ဖော်ပြချက် ------------------------------------------

--------------------------------------------------------------------------------

လျှောက်ထားသူ
အလုပ်ရှင်/ မန်နေဂျာ / အလုပ်ရှင်ကိုယ်စားလှယ်
(သို့မဟုတ်)
အလုပ်သမား / အခြေခံအလုပ်သမားအဖွဲ့အစည်း

| | |
|---|---|
| လက်မှတ် | ---------------------------------- |
| ဦး /ဒေါ် /Mr. / Ms. | ---------------------------------- |
| နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် | ---------------------------------- |
| စက်ရုံ/ အလုပ်ရုံ/ ဆိုင်/ အလုပ်ဌာန/လုပ်ငန်း | ---------------------------------- |

ပုံစံ (၁၂)

ရုံးတံဆိပ်

**စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၈)**

ရက်စွဲ၊ ---------------------

၁။ ------------------------ တိုင်းဒေသကြီး၊ ------------------- ခရိုင်၊ ------------------- မြို့နယ်၊ ------------------- စက်မှုဇုန်၊ ------------------- ရပ်ကွက်၊ ------------------- လမ်း၊ အမှတ် ( )ရှိ ------------------- ပိုင် --------------------------- စက်ရုံ/ အလုပ်ရုံ/ ကုမ္ပဏီ / ဆိုင်/ အလုပ်ဌာနမှ အလုပ်သမား ကျား ( )ဦး၊ မ( )ဦး၊ပေါင်း( )ဦးတို့အား ---------- ခုနှစ်၊ ------------လ၏ လုပ်ခလစာမှ (-------------- ကျပ်/ဒေါ်လာ)ကို ဖြတ်တောက်ခဲ့ခြင်းအပေါ် ------------ မြို့နယ်/ ခရိုင်/စက်မှုဇုန် စစ်ဆေးရေးအရာရှိက ဥပဒေနှင့်အညီစိစစ်၍ ----------------- ရက်နေ့တွင် ချမှတ်ခဲ့သည့် အမိန့်/ ညွှန်ကြားချက်ကို အလုပ်ရှင်/ အလုပ်သမား --------------- ပါ ( )ဦးတို့က မကျေနပ်သဖြင့် စစ်ဆေးရေးအရာရှိချုပ်ထံ --------------------- ရက်နေ့တွင် အယူခံလွှာ တင်သွင်းလျှောက်ထားခဲ့ပါသည်။

၂။ စစ်ဆေးရေးအရာရှိချုပ်က အယူခံလွှာအပေါ် အယူခံမှုစိစစ်ရေးအဖွဲ့ဖြင့် ----------------------- ရက်နေ့တွင် ပြန်လည်စစ်ဆေးပြီး သုံးသပ်အကြံပြုချက်များအရ အလုပ်ရှင်/ အလုပ်သမားမှ တင်သွင်းသည့် အယူခံလွှာကို အောက်ပါအတိုင်းပြင်ဆင်/ ပလပ်/ အတည်ပြု လိုက်သည်-

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

စစ်ဆေးရေးအရာရှိချုပ်
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အလုပ်ရှင်

--------------------------------

--------------------------------

--------------------------------

အလုပ်သမား

--------------------------------

--------------------------------

--------------------------------